**Terms of Trade ဌာနတွင်းသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ**

Terms of Trade သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၉-၁-၂၀၂၄ ရက်နေ့၊ နေ့လယ် (၁:၀၀) နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်မှ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါသင်တန်းကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ မှ ဇန်နဝါရီလ ၂၄ ရက်နေ့အထိ (၄)ပတ်ကြာ အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့များတွင် ဗဟိုစာရင်းအင်းအဖွဲ့၏ KOICA သင်တန်းခန်းမ၌ နေပြည်တော် (ရုံးချုပ်)ရှိ ဝန်ထမ်းများအား In person ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ထမ်းများအား Online စနစ်ဖြင့်လည်းကောင်း သင်ကြားပို့ချမည် ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

သင်တန်းသားများအနေဖြင့် ကုန်သွယ်ရေးစာရင်းအင်းကဏ္ဍတွင် ပို့ကုန်နှင့်သွင်းကုန်အတွက် မဟာဗျူဟာများနှင့်လက်တွေ့လုပ်ဆောင်ချက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်သွယ်ရေးကဏ္ဍနှိုင်းယှဉ်ခြင်း၊ စီးပွားရေးအဆောက်အအုံပေါ် ကုန်သွယ်မှုကဏ္ဍ၏ အကျိုးသက်ရောက်မှုကို စောင့်ကြည့်လေ့လာနိုင်ရန်နှင့် ကုန်သွယ်မှုတိုးတက်မှုအား စိစစ်လေ့လာ အကဲဖြတ်ရာတွင် လိုအပ်သော တွက်ချက်မှု၊ နိုင်ငံတကာကိုးကားမှုများ ပိုမိုရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

သင်တန်းတွင် ပို့ချမည့်သင်ခန်းစာများမှာ Terms of Trade ကို Laspeyres Price Index နှင့် Modified Laspeyres index နည်းလမ်းနှစ်မျိုးကို အခြေခံ၍ လက်တွေ့တွက်ချက်နိုင်ရန် သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့၊ နေပြည်တော်(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၄၀) ဦး တက်ရောက်ကြမည်ဖြစ်ပါသည်။